**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဝင်ငွေခွန်ကို သုံးလတစ်ကြိမ်ပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆–က၊ ပုဒ်မခွဲ (က) အရ ဝင်ငွေခွန်ကို သုံးလတစ်ကြိမ်ပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာကျင့်သုံးရမည့်နည်းလမ်းများကို အခွန်ထမ်းပြည်သူများ ရှင်းလင်းလွယ်ကူစွာလိုက်နာဆောင်ရွက်နိုင်ရန် ပြည်တွင်းအခွန်များဦးစီးဌာန၏ (၁၆–၁၁–၂၀၂၁) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၈၉/ ၂၀၂၁ ဖြင့် ထုတ်ပြန် အသိပေးပြီး ဖြစ်ပါသည်။

၂။ အမိန့်ကြော်ငြာစာအမှတ် ၃၈၉/ ၂၀၂၁ တွင် အောက်ပါနည်းလမ်းများကို နမူနာဖြစ်စဉ်များနှင့်တကွ ထည့်သွင်းဖော်ပြထားသည့်အပြင် အမိန့်ကြော်ငြာစာပါ သတ်မှတ်ချက်နှင့်အညီ မိမိတို့တွက်ချက်သတ်မှတ်ထားသည့် **အခွန်ပမာဏကိုပြောင်းလဲသတ်မှတ်ပေးရန် လျှောက်ထားခွင့်ရှိသည့် အခြေအနေများနှင့် လျှောက်ရမည့်ကာလသတ်မှတ်ချက်**တို့ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်–

(က) ဝင်ငွေခွန်ကို သုံးလတစ်ကြိမ်ပေးဆောင်ရန် တွက်ချက်ရမည့်နည်းလမ်း၊

(ခ) သုံးလတစ်ကြိမ်ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့်စပ်လျဉ်းသည့် ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊ ကင်းလွတ်ခွင့်ပြုခြင်းဆိုင်ရာနည်းလမ်း။

၃။ အခွန်ထမ်းပြည်သူများအနေဖြင့် ဝင်ငွေခွန်ကို သုံးလတစ်ကြိမ်ပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာကျင့်သုံးရမည့်နည်းလမ်းများကို ပြည့်စုံစွာသိရှိလိုပါက https://www.ird.gov.mm/sites/default/files/389-2021.pdf တွင် ဝင်ရောက်လေ့လာနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ပြန်ကြားရေးအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် (၄၆)၊ နေပြည်တော်၊ ဖုန်းနံပါတ် – ၀၆၇– ၃၄၃၀၅၃၃၊ ၀၆၇– ၃၄၃၀၅၂၂ (သို့မဟုတ်) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့၊ အမှတ်– ၁၂၈/၁၃၂ (ဒုတိယထပ်နှင့် တတိယထပ်)၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်းနံပါတ်– ၀၁– ၈၃၈၉၃၁၁၊ ၀၁– ၈၃၈၉၃၂၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး၊ ဖုန်းနံပါတ်– ၀၂– ၄၀၃၀၁၃၉၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**